# 汝现在爱去哪位？

汝晓在哪位度过汝个永生？



Hakka - A





## သင့်ဘဝတာတွင် အချိန်ဘယ်လောက်ကျန်တော့သည်နည်း?

သေခြင်းတရားသည် မမျှော်လင့်ဘဲနှင့် ဖြုန်းကနဲရောက်လာပါသည်! သင်သေဆုံးပြီးသည့် အချိန်ကာလတွင် သင်၏ဝိညာဉ်နှင့် စိတ်ခံစားမှုတို့သည် ထာဝရအသက်ရှင်နေ သည်ကိုရော သိပါသလား?

သင်သေဆုံးပြီးသည့် ကာလနောင်ဘဝအတွက် ပြင်ဆင်ထားဖို့လိုအပ်ပါသည်!

အချိန်သည်လျှင်မြန်စွာကုန်ဆုံးနေပါသည်!

## သင့်ကိုဖန်ဆင်းသောဘုရားသခင်သည် သင့်အားချစ်ပြီး၊ သူနှင့်အတူအိမ်တော်တွင် သင့်အား ရှိ နေစေချင်ပြီဖြစ်ပါသည်!

ဘုရားသခင်သည် ယမန်နေ့၏အပြစ်များ၊ ယနေ့ကာလ၏ ကြောက်ရွံ့မှုများနှင့် မနက်ဖြန်၏ သေခြင်း တို့မှ ကင်းဝေးစေလိုပါသည်။ သင်တို့အား ကယ်တင်ရန်အတွက် ဘုရားသခင်သည် သူ၏သားတော် အားသင်တို့အတွက်ပေးအပ်ခဲ့ပါသည်။ ယောဟန် ၃း၁၆ တွင်ပေးထားသော ကတိစကားကိုကြည့်ပါ။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။"



## ရွေးချယ်ရန်မှာ သင့်အပေါ်တွင်မူတည်ပါသည်!

ယခုအချိန်တွင် သင်သည် သမ္မာကျမ်းစာ၏ ကယ်တင်မှုကို မခံရသေးပါကသင့်အနေနှင့် ငရဲမှနှလုံး တစ်ခုန်စာလောက် အဝေးတွင်ရောက်နေပြီး ဖြစ်ပါသည်။ မီးလောင်နေသော မီးအိုင်ကြီးထဲတွင် ထာဝရနှင့် မရှောင်ရှားနိုင်သောအပြစ်ပေးခံရမှုသည် သင့်ကိုစောင့်မျှော်နေပြီးဖြစ်ပါသည်!

ယနေ့မှစ၍ သေခြင်းအတွက် သင်ပြင်ဆင်ထားရပါလိမ့်မည်!

မနက်ဖြန်ဆိုလျှင် အလွန်နောက်ကျသွားပါတော့မည်!

## ငရဲ

ငရဲသည် ထာဝရလောင်ကျွမ်းနေသောနေရာဖြစ်ပြီး၊ ငိုကြွေးခြင်း၊ နာကျင်စွာအော်ဟစ်ခြင်း၊ အံကြိတ်ခြင်း နှင့်နောင်တရရာနေရာဖြစ်ပြီး ညှင်းဆဲခံရသူတို့၏ မီးခိုးများသည် ထာဝရလွင့်ပျံ့နေပြီး၊ ၎င်းတို့အနေနှင့် နေ့နေ့၊ ညည အနားရကြမည်လည်း မဟုတ်ပါ!



## သင်ပြင်ဆင်ထားရလိမ့်မည်!

ကျမ်းစာသည် ကျွန်ုပ်တို့အား တရားစီရင်ခြင်းခံရမည့် နေ့ရက်အတွက် ဆက်တိုက်သတိပေးနေပါသည်။ မြင့်မြတ်သောဖန်ဆင်းရှင် ဘုရားသခင်သည် အပြစ်ပြုခြင်းကိုမုန်းတီးပြီး၊ တရားစီရင်ခံရမည့် နေ့သည် လည်း လျင်မြန်စွာနီးကပ်လာနေပြီဖြစ်ပါသည်။ ခွင့်လွှတ်ခြင်းအားဖြင့် အသက်မရှင်ကြသူများသည် အခြားသော ရွေးချယ်ရန်လမ်းရှိမည်မဟုတ်ဘဲ၊ ငရဲ၏ မီးတောက်များကြားထဲတွင် အပြစ်ပေးခံရခြင်းကိုထာဝရကြုံတွေ့ သွားပါလိမ့်မည်။

သင်ယနေ့ရွေးချယ်မှုသည် သင့်ဘဝတစ်ခုလုံးအတွက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး၊ ထာဝရ အသက်ရှင်ခြင်းကိုလည်း ခံစားရရှိပါလိမ့်မည်။ "လူသည်တစ်ခါတည်းသေ၍ ထို့နောက်မှ တရားစီရင်ခြ င်းကို ခံရတော်မူမည်" (ဟေဗြဲ ၉း၂၇)။

## လူ့ဘဝသည် တိုတောင်းပါသည်! ထာဝရအသက်ရှင်ခြင်းသည် အမြဲအတွက်ဖြစ်ပါသည်! သင် အဆင်သင့်ဖြစ်ပြီးလား?

သမ္မာကျမ်းစာအလိုအရထာဝရ အသက်ရှင်ခြင်းကိုရွေးရန်မှာ သင်၏ရွေးချယ်မှုသာ ဖြစ်ပါသည်။

ဘုရားသခင်သည် ထာဝရအသက်ရှင်ခြင်းနှင့် သေခြင်းအကြောင်းအရာအတွက် အဖြေကိုပေးခဲ့ပြီး ဖြစ်ပါတယ်။ ကောင်းကင်ဘုံနှင့် ငရဲဖြစ်ပါတယ်။ အလွန်တန်ဖိုးရှိသော ဘုရားသခင်၏ လက်ဆောင်များကတော့ အပြစ်များကိုခွင့်လွှတ်ခြင်းနှင့် ကောင်းကင်ဘုံတွင် ရရှိမည့်ထာဝရ အသက်တာဘဲဖြစ်ပါတယ်။

## အပြစ်များကိုခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခံရခြင်း၏ ညွှန်ကြားချက်!

သင်သည် အမှန်တကယ်ကယ်တင်ခြင်းခံရပြီး၊ ကောင်းကင်ဘုံ၌ ထာဝရအသက်ကိုရလိုလျှင်၊ ကယ်တင်ခြင်း ခံရရန်အတွက် အာမခံချက်များရရှိရန်အောက်ပါ အရေးကြီးသောအမှန်တရားများကို ဖတ်ရှုကြည့်ပါ။ ၎င်းတို့ သည် ဘုရားသခင်၏စကားများဖြစ်ပြီး၊ ကောင်းချီးပေးခြင်း၊ ကျေနပ်မှုအပြည့်ဖြင့် အသက် တာကိုခံစားရင်နှင့် အေးချမ်းလွတ်လပ်သောဘဝပင်ဖြစ်ပါသည်။

## ၁။ လူသားသည် အပြစ်ရှိသူဖြစ်သည်။

သမ္မာကျမ်းစာကဆိုသည်မှာ "အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီး...... ဖြောင့်မတ်သူမရှိ၊ တစ်ယောက်မျှမရှိ၊ အပြစ်မပါဘဲ ကောင်းသောအကျင့်ကိုကျင့်သော သူတော်ကောင်း တစ်ဗုံတစ်ယောက်မျှ မြေကြီးပေါ်တွင်မရှိ" (ရောမ ၃း၂၃ ; ဒေသနာကျမ်း ၇း၃၀)။

## ၂။ အပြစ်တရား၏ အခိုးအခကား သေခြင်းပေတည်း။ ဘုရားသခင်သည်တရားမျှတသည်။ သို့ဖြစ်၍ အပြစ်ရှိသူများအားအပြစ်ပေးရမည်ဖြစ်သည်။

"အပြစ်တရား၏ အခိုးအခက သေခြင်းပေတည်း" (ရောမ ၆း၂၃)





## ၃။ လူသားသည် ကိုယ့်ကိုယ်ကို မကယ်တင်နိုင်ပါ!

သမ္မာကျမ်းစာကဆိုသည်မှာ သင်သည်လုံးဝစင်းလုံးချောဖြစ်ရပါမည်။ ဤမျှသော အဆင့်မြင့်အနေ အထားတွင်ရှိသည့်တိုင်ကိုယ့်ကိုယ်ကို မကယ်တင်နိုင်ပါ။ ဘုရားသခင်ကလည်း ဤသို့မိန့်တော်မူသည် "ထို့ ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် စုံလင်ခြင်းရှိတော်မူသည့်နည်းတူ သင်တို့သည်လည်းစုံလင်ခြင်းရှိကြလော့" (မဿဲ ၅း၄၈)။

## မျှော်လင့်ခြင်းရှိပါသလား? ဟုတ်ကဲ့၊ ရှိပါတယ်!

ဘုရားသခင်က ကျွန်ုပ်တို့ အားတရားမျှတသော သေဆုံးခြင်း အပြစ်ဒဏ်မှလွတ်မြောက်ရန် လမ်းစဉ်ကို ပေးခဲ့ပြီး၊ သခင်ယေရှုက "ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယောဟန် ၁၄း၆)။

**သခင်ယေရှုသာလျှင် ထာဝရကယ်တင်ခြင်းရရှိရန်ဘုရား၏တစ်ခုတည်းသော လမ်းစဉ်ဖြစ်ပါသည်။**

"အဘယ်ကြောင့်ဆိုသော် သခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ။" (တမန်တော်ဝတ္ထု ၄း၁၂)။



## ၄။ ဘုရားသခင်သည် သင့်ကိုချစ်မြတ်နိုးသည်!

**"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။" (ယောဟန် ၃း၁၆)။**

လက်ဝါးကားတိုင်၌ သခင်ယေရှုသေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့အားကယ်တင်ခြင်း ခံရရန် အခွင့်အလမ်းကိုယုံကြည်ခြင်းစွမ်းအားနှင့် ခံစားရမှုများမှတစ်ဆင့်ပေးခဲ့ပါသည်။ ဘုရားသခင်နှင့်လည်း ပို၍နီးကပ်စေပြီး၊ ထာဝရအသက်ကိုလည်း ကောင်းချီးများဖြင့်ခံစားရရှိစေပါသည်။

## ကယ်တင်ခြင်းခံရအောင် ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း?

**(၁) သင့်အပြစ်များအတွက် နောင်တရ ရပါမည်။**

ကျိန်စာသင့်ခြင်းနှင့် ပျက်စီးစေမှုတို့မှ လွတ်မြောက်ခြင်းသည် မိမိတို့အပြစ်ကိုနားလည်ခြင်း၊ သခင်ယေရှု သေခြင်း၊ ရှင်သန်ထမြောက်ခြင်းနှင့် ကျွန်ုပ်တို့ကိုယ်စား စီရင်ချက်ခံယူခြင်းတို့မှ စတင်ပေါ်ပေါက်သည်။



## (၂) သခင်ယေရှုခရစ်အား သင်၏နှလုံးသားထဲမှ သင်၏ဘုရားသခင်နှင့်ကယ်တင်ရှင်အဖြစ် လက်ခံရပါမည်။

"ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့" (ရောမဩဝါဒစာ ၁၀း၁၃)။
ဘုရားသခင်၏လမ်းသည် တစ်ခုတည်းသောလမ်းဖြစ်သည်!
"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်း သို့ရောက်သည်မဟုတ် သို့ဖြစ်၍အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ" (ဧဖက်ဩဝါဒစာ ၂း၈၉)။



## ကယ်တင်ခြင်းအာမခံချက်နှင့် အပြစ်များကိုခွင့်လွှတ်ခြင်း။

ယုံကြည်ခြင်းသည် သခင်ယေရှုခရစ်ကိုသာ အမှီပြုခြင်းဖြစ်၏။ သင်ကောင်းကင်ဘုံသို့ ရောက်ရန် အတွက်သင်ပြုလုပ်သည်ထက် သူ၏လက်ဝါးကားတိုင်ပေါ်တွင် ကယ်တင်ခြင်းအတွက် ပြုလုပ်သည်က ပို၍ သာ၏။ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို သခင်ယေရှုခရစ်ထံအပ်နှံထားပြီး ဘုရားသခင်နှင့် ကယ်တင်ရှင်ဟု ယုံကြည်ပြီးသည်နှင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကိုဖြေလွှတ်ပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်များကိုလည်း ကယ်တင်ပြီးဖြစ်သလို၊ ကောင်းကင်ဘုံတွင်လည်း အိမ်ရာသီးသန့်သတ်မှတ်ပေးပြီးဖြစ်ပါသည်။




## ဤအရေးကြီးကိစ္စရပ်ကို သင်၏ထာဝရခရီးလမ်းအတွက် ယခုချက်ခြင်းပင်ပြေရှင်းနိုင်ပါသည်!

သင်သည် သခင်ယေရှုခရစ်အား သင့်၏ကယ်တင်ရှင်သခင်အဖြစ်လက်ခံနိုင်ပြီး ယခုအချိန်တွင် ယုံကြည်ခြင်းနှင့်တကွ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ သား/သမီးတစ်ဦး ဖြစ်လာပါသည်။
"အဘယ်သို့နည်းဟူမူကား သင်သည်သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (ရောမ ၁၀း၉)။

## အကြံပေးဆုတောင်းချက်။


"ချစ်စွာသော အဘဘုရားသခင်၊ ကျွန်ုပ်သည်အပြစ်ရှိသူဖြစ်ပါသည်။ ကျွန်ုပ်အားအပြစ်များမှ ဖြေလွှတ် တော်မူပါ။သခင်ယေရှုခရစ်သည် ကျွန်ုပ်အတွက်လက်ဝါးကားတိုင်ပေါ်တွင်အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သည်ကို ယုံကြည်ပါသည်။ ကျွန်ုပ်သည်သခင်ယေရှုခရစ်တစ်ဦးတည်းကိုသာ ကျွန်ုပ်၏ဘုရားသခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်ပါသည်။ အပြစ်များမှဖြေလွှတ်ခြင်းအတွက် ကျေးဇူးတင်ပါသည်။ ထာဝရအသက်ကို ပေးခြင်းအတွက် လည်းကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏အသက်တာအတွင်းသို့ ဝင်ရောက်လာပြီးကိုယ်တော်နှင့်အတူ တစ်နေ့ပြီးတစ်နေ့ လျှောက်လှမ်းနိုင်ရန်သင်ကြားပေးပါ။ ကူညီပေးပါ၊ သခင်ယေရှုခရစ်၏နာမတော်အား အမှီပြု၍ဆုတောင်း ပါသည်၊ အာမင်။"



## ယခုသင်သည် ခရစ်တော်အားလက်ခံသည့်အတွက် ဘုရားသခင်၏ သား/သမီးဖြစ်တော့ပြီ။

**သခင်ယေရှုခရစ်အား သင်၏ကယ်တင်ရှင်အဖြစ် လက်ခံပြီးသည်နှင့်တစ်ပြိုင်နက် သင်သည် ကောင်းကင်နိုင်ငံတော်သား တစ်ဦးဖြစ်ပေပြီ (ဖိလိပ္ပိ ၃း၂၀)။**

ယေရှုသည် သင်နှင့်အမြဲရှိဖို့နှင့် ဘယ်တော့မှသင့်ကိုမချန်ထားဖို့ သို့မဟုတ်မစွန့်လွှတ်ဖို့ ကတိပေး ခဲ့သည် (ဟေဗြဲဩဝါဒစာ ၁၃း၅)။



## ဘုရားသခင်ကျေနပ်သောဘဝတော်ဖြင့် အသက်ရှင်ပါ။

ရွေးနှုတ်ခြင်းနှင့်ကယ်တင်ခြင်းခံရပြီးသည့်အခါ သင့်အား ဘုရားသခင်က သူ၏သား/သမီးအနေနှင့် မြင့်မြတ်သော အသက်တာဖြင့် အသက်ရှင်စေလိုသည်။ ခရစ်ယာန်တစ်ဦးဖြစ်ရန်အတွက် သင်သည်ကယ်တင်ခြင်းကိုခံရပေမည်။ သို့သော်လည်းဖြောင့်မတ် ရင့်ကျက်သော ခရစ်ယာန်တစ်ဦးဖြစ်စေရန်အတွက်မှာမူ သင်သည်ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ရှင်သန်ရပါမည်။





သင်သည် သခင်ယေရှုခရစ်အား ယုံကြည်ခြင်းဖြင့် ရှင်သန်ရပါလိမ့်မည်။

"ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်"
(ဂလာတိဩဝါဒစာ ၃း၁၁)

၁။ ကျမ်းစာကို နေ့စဉ်ဖတ်ပါ (တမန်တော်ဝတ္ထု ၁၇း၁၁)။

၂။ နေ့စဉ် ဆုတောင်းပါ (ဖိလိပ္ပိ ၄း၆) ဘုရားသခင်သည် သင်၏ဆုတောင်းခြင်းများကိုကြားပြီး အဖြေပေးမည့်အပြင်သင်အားသူ့တွင်ရှိသည့် စည်းစိမ်ချမ်းသာခြင်းများနှင့် သင်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိမ့်မည်။

၃။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့ (မဿဲ ၂၂း၃၇)။

၄။ ဘုရားကျောင်းတစ်ခုတွင် ဝတ်ပြုကိုးကွယ်ရာအစည်းအဝေးကို ပုံမှန်တက်ပြီး ဘုရားသခင်၏ နှုတ်ကပါတ်တော်များကို သင်ယူပါ။ မေတ္တာစိတ်ဖြင့် ဖြည့်နှက်ပါစေ (ယောဟန် ၄း၂၄)။

၅။ သင်၏ယုံကြည်ခြင်းနှင့် ဝိညာဉ်ရေးရာရှင်သန်ဖို့ရန် သင့်ကိုကူညီနိုင်သော သူတို့နှင့်မိတ်သဟာယဖွဲ့ပါ (တမန်တော်ဝတ္ထု ၂း၄၂)။

၆။ ယုံကြည်ခြင်း၌ မြဲမြံစွာစွဲလမ်းလျက်၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းကို တိုးပွားပြည့်စုံလျက် ထိုသခင်၌ကျင်လည်ကြလော့ (ကောလောသဲ ၂း၇)။

၇။ ကယ်တင်ပြီးသော ဘုရား၏သား/သမီး တစ်ဦးဖြစ်သည့်နှင့်အတူ ခရစ်တော်အတွက်သက်သေအဖြစ် အသက်ရှင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝပါ (တမန်တော်ဝတ္ထု ၁း၈)။

# 汝得救冇?



## 汝晓在哪位度过汝个永生？

Hakka - B